နမ့်လင်း(ရွာသစ်)ကျေးရွာ

နမ့်စန်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၆ - ၂၀၃၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နမ့်လင်း(ရွာသစ်)ကျေးရွာ၊ နမ့်စန်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၆ ခုနှစ်၊ မေလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ နမ့်စန်မြို့နယ် ၇

ကျေးရွာရာသီခွင်ပြပြက္ခဒိန်

၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား ၇ ဈေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**

**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

(၂) ကျေးရွာ၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား ၂၀ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား၂၃**စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့်အခက်အခဲ**များ

ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

**ဇယား ၂၅ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

**ဇယား** ၂၇ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

**ဇယား** ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား၂၉**သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား၃၁ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား၃၃**ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ **အဖြစ်များသော** ရောဂါများ

**ဇယား၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**
**ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၉
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၁

**ကျေးရွာကော်မတီဝင်စာရင်း၇၄**

**ကိုးကားစာရင်း** ၇၅

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၆/၂၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀/၃၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊

အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

မေလ ၊ ၂၀၂၆ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နမ့်လင်း(ရွာသစ်)ကျေးရွာ
နမ့်စန်မြို့နယ်

## နမ့်စန်မြို့နယ် နမ့်လင်း(ရွာသစ်)ကျေးရွာ အရင်းအမြစ်ပြမြေပုံ



# နမ့်လင်း(ရွာသစ်)ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



ရာသီခွင်ပြ ပြက္ခဒိန်

ကျေးရွာ...ဟိုရမ်း..........။ ကျေးရွာအုပ်စု.........နမ့်လင်း(ရွာသစ်).....။ မြို့နယ်.....နမ့်ဆန်..............။ နေ့စွဲ..............................။

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | ဝါကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| စိုက်ပျိုးရေးလုပ်ငန်း | ပဲပုပ် | ပဲပုပ် | ပြောင်း | စပါး၊ပြောင်း | စပါး၊ပြောင်း | ပန်းနှမ်း | ဆီမွှေးညှင်း | ရိတ်သိမ်း | ရိတ်သိမ်း | ရိတ်သိမ်း | ရိတ်သိမ်း | ရိတ်သိမ်း |
| မွေးမြူရေးလုပ်ငန်း | – | – | – | – | – | – | – | – | – | – | – | – |
| စိုက်/မွေး မဟုတ်သောလုပ်ငန်း | – | – | – | – | – | – | – | – | – | – | – | – |
| အမျိုးသားများအလုပ်များသောလ | | | | | | | | | | | | |
| အမျိုးသမီးများအလုပ်များသောလ | | | | | | | | | | | | |
| စားနပ်ရိက္ခာအခြေအနေ | | | | | | | | | | | | |
| ဝင်ငွေ | | | | | | | | | | | | |
| အသုံးစရိတ် | | | | | | | | | | | | |
| ရောဂါဘယဖြစ်ပွါးမှု(လူ) | ဝမ်းပျက် | ချောင်းဆိုး | ဖျား၊နာ တုပ်ကွေး | ဖျား၊နာ တုပ်ကွေး | ဖျား၊နာ တုပ်ကွေး | နာစေး၊ ဖျား၊နာ | နာစေး ဖျား | နာစေး ဖျား | နာစေး ဖျား | နာစေး ဖျား | နာစေး ဖျား | နာစေး ဖျား |
| ရောဂါဘယဖြစ်ပွါးမှု(တိရစ္ဆာန်) | – | – | – | – | – | – | – | – | – | – | – | – |
| ရေရရှိမှု | | | | | | | | | | | | |
| သဘာဝဘေးအန္တရာယ်ဖြစ်ပွါးမှု | – | – | – | – | – | – | – | – | – | – | – | – |
| ပွဲလမ်းသဘင် | သင်္ကြန်ပွဲ | [illegible] | မိုးဦး [illegible] ပွဲ | ဝါဆိုပွဲ | | | သီတင်းကျွတ်ပွဲ | ကထိန်ပွဲ | [illegible] | | | တပေါင်းပွဲ |
| ရွှေ့ပြောင်းသွားလာမှု | | | | | | | | | | | | |

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အ ကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်း များလုပ်ဆောင်ရန်လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြ ထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

### အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဥ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။ မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန် စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဥ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဥ်မှုများပြုလာ နိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဥ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဥ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဥ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော် ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်

လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် နမ့်စန်မြို့မှ(၁၆)မိုင်အကွာတွင် တည်ရှိပြီး အနောက်ဘက်တွင်နောင်ဝုတ်ရွာ၊ အရှေ့ဘက်တွင်ဖမ်ချယ်ရွာတို့တည်ရှိသည်။လမ်းပန်းဆက်သွယ်ရေးခက်ခဲသည်။ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီးအဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှ၅၀နှင့်အထက်ရှိသည့်အပြင် တောင်ဘက်တွင် နမ့်လတ်ချောင်းတည်ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုသည်။ လယ်ယာ မြေများသည် စပါး၊ ပြောင်းနှင့်ပဲဇင်းငုံ ထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန်အတွက် အဓိက အားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် တောင်ဘက်တွင် နမ့်လတ်ချောင်းတို့တည်ရှိသဖြင့် စိုက်ပျိုးရေကို အလွယ်တကူ သွယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာ အထောက်အကူပြုသည်။ ကျေးရွာတွင် လယ်မြေအသင့်အတင့်ရှိပြီး မြေဆီအသင့်အတင့်ကောင်းမွန်သည်။ တောင်သူများမှာ တောင်ယာမြေများတွင် ပြောင်း၊ပဲစင်းငုံ အဓိကစိုက်ပျိုးကြပါသည်။ ကျေးရွာတွင်သဘာဝတွင်းထွက်သယံဇာတမထွက်ရှိပါ။အနီးရှိတောတောင်များမှသဘာဝတိရစ္ဆာန်မျိုးစိတ်များလည်းရရှိနိုင်မှုနည်းပါးလားပြီဖြစ်ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၀၅)စုနှင့်ကျား(၂၅၈)၊မ(၂၅၂)ဦးဖြင့်လူဦးရေပေါင်း(၅၁၀)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၄.၇)ဦးနှုန်းရှိပြီးနိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း၅ဦး ထက်နည်းကြောင်းတွေ့ရသည်။ ကျေးရွာတွင် ရှမ်းတိုင်းရင်းသားအများဆုံးနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည်ကျေးရွာရှိ လူဦးရေအားလုံး၏၈၀.၁%ရှိပြီး အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ၀.၇%ပို များသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏၃၄.၉%သည် အလွန်ဆင်းရဲသော အိမ်ထောင်စု အဆင့်အဖြစ်သတ်မှတ်

ကြပြီး၄၄.၂%သည် ချမ်းသာသည့်အဆင့်၊ ၂၀.၉%သည် အလယ်အလတ် အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင်လယ်မြေများပိုင်ဆိုင်မှု၊ လက်လုပ်မီမှုနှင့် မိုးရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့်ကျေးရွာ၏စီးပွား ရေးအနေအထားမှာ အသင့်အတင့် ကောင်းမွန်သည်ဟုပြောနိုင်သည်။ ချမ်းသာသောလယ်သမား အိမ်ထောင်စုများအပြင် အခြား လယ်သမား အိမ်ထောင်စုအချို့မှာလည်း နေ့စားလိုက်ခြင်း၊ လက်သမားနှင့် ပန်းရံအသေးစား အိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ယင်းတို့အနက်ဆင်းရဲအဆင့်သည်ကျေးရွာတွင်အများဆုံးဖြစ်ပြီးမြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ်လက်စားနှင့်မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုအရေအတွက် (၂.၃%)ထိ ရှိကာ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် ကျေးရွာတွင်းနှင့် အနီးရှိ ကျေးရွာများသို့ ရာသီအလိုက်စိုက်ပျိုးရေးလုပ်ငန်းများတွင်နေ့စားအဖြစ်ဝင်ရောက်လုပ်ကိုင်ကြပြီးဆောက်လုပ်ရေးလုပ်ငန်းများတွင်လည်းလုပ်ကိုင်ကြသည်။ကျေးရွာမှဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀% ဖြစ်သော(၅)စုကိုလေ့လာဆန်းစစ်မှုအရယင်းအိမ်ထောင်စုအားလုံးတို့သည်ချေးယူခြင်းနှင့်လုပ်အားခကြိုယူခြင်းများဖြစ်ကြပါသည်။အကြွေးတင်ရှိမှုတွင်တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည်အကြွေးငွေ တင်ရှိနေကြသည်။ချေးငွေအများစုကို မြစ်မိးရောင်စီမံကိန်းမှအများဆုံး ချေးယူလျှက်ရှိကြောင်း တွေ့ရသည်။

ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော ထိခိုက်လွယ်သော ပုဂ္ဂိုလ်အနေဖြင့် မိသားစု စောင့်ရှောက်မှုနည်းသူများ ဖြစ်သည့်သက်ကြီးရွယ်အို(၁)ဦးရှိပါသည်။ ဆင်းရဲ၍မိသားစု ဦးရေများ သည့်အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၁၅)စုနှင့်အခြား ဒေသသို့ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့်အိမ်ထောင်စု(၂)စုရှိပါသည်။ထိခိုက်သက်ရောက်မှုအမျိုးအစားတွင်သစ်တောပြုန်းတီးမှု၊စားနပ်ရိက္ခာမဖူလုံမှု၊မုန်တိုင်းအခြေအနေတို့ကိုအသင့်အတင့်အနေအထား တွေ့ရပြီး၊မီးဘေး၊ ငှက်ဖျားရောဂါ ဖြစ်ပွားမှု၊ တီဘီရောဂါဖြစ်ပွားမှု၊ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုမှာနိမ့်သည့် အနေအထားတွင်တွေ့ရသည်။ ကျန်ထိခိုက် သက်ရောက်မှုအမျိုးအစားများ မရှိပါ။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများအတွက် အုပ်စုအလိုက်ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှုအသင့်အတင့်နှင့်နိမ့်အဆင့်များကို အများဆုံးတွေ့ရသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်ရွာသားအများစုသည်သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီးအစားအစာ ပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်းကျန်းမာကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာ ရေးစောင့်ရှောက်မှုများကိုရွာထဲရှိနမ့်လင်းကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၁၆)မိုင်ခန့် ကွာဝေးသော နမ့်စန်မြို့နယ်ဆေးရုံတို့ တွင်ရရှိနိုင်သည်။ ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ် ရောင်စသောရောဂါဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတင့်အသင့်ရှိကြောင်းတွေ့ရှိရပါသည် စာမတတ်သူဦးရေသည် ကျေးရွာရှိ၅နှစ်အထက်လူဦးရေ၏ ၃၆.၅%ရှိပါသည်။ကျေးရွာတွင် မူလတန်းကျောင်းပညာရေး အလယ်တန်းနှင့်အထက်တန်းကျောင်းပညာတို့အတွက် နမ့်လင်းရွာ၊ ပန်လင်းဆိုင်ရွာ နှင့် နမ့်စန်မြို့တို့တွင်တက် ရောက်သင်ကြားနိုင်ကြသည်။ သို့သော်သက်မွေးဝမ်းကျောင်း လုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှု အခြေခံသည့်အလုပ်အကိုင်အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာတည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်ကျား/မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင်အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိ သဖြင့်အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

နမ့်လင်း(ရွာသစ်)ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရှမ်းဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(၁)ဖွဲ့ရှိပြီး လူမှုရေး၊သာရေး၊နာရေးကိစ္စများကို လူကြီးများ၏လမ်းညွှန်မှုအတိုင်းသာဆောင်ရွက်ပါသည်။ကျေးရွာသည်အဖွဲ့အစည်းများဖွဲ့စည်းပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အစရှိသည့် လူမှုရေးလုပ်ငန်းများကို အတူတကွ လုပ်ရှားဆောင်ရွက်သည့် အလေ့အထ နည်းပါးသည်။ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပါတ်သက်၍ ယေဘုယျအားဖြင့်အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ် ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ပြောင်း၊ပဲဇင်းငုံတို့ကို အဓိကထားစိုက်ပျိုးကြသည်။၂၀၁၇ခုနှစ်တွင်မိုးစပါး စိုက် ကေ(၅၀)ကေခန့်ရှိခဲ့ပြီး မိုးစပါးတစ်ကေပျမ်းမျှအထွက်မှာ(၃၅)တင်းသာ ထွက်ရှိသဖြင့် ယခုနှစ်တွင် စပါးစိုက်သူအလွန်နည်းပါးပြီး ပြောင်းကိုအဓိကစိုက်ပျိုးလာပါသည်။ ပဲဇင်းငုံ(၁)ကေ ပျမ်းမျှအထွက် နှုန်းမှာ(၁၅၀)ပိဿာ၊ အစေ့ထုတ်ပြောင်းတစ်ကေ အထွက်မှာ(၇၀၀)ပိဿာ ထွက်ရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာနှင့် ဝန်ဆောင်မှုများ လက်လှမ်းမမီဘဲ တောင်သူအများစုသည်စိုက်ပျိုးရေးလုပ်ငန်းတွင်မိရိုးဖလာနည်းလမ်းကိုသာအသုံးပြုကြသည်။

ကျေးရွာတွင် လက်တွန်းထွန်စက်(၆၁)စီးရှိပြီး အပိုင်မရှိသည့်တောင်သူများသည် ငှါးရမ်း ထွန်ယက်ကြရာတွင် လယ်ထွန်စက် တစ်နာရီကာလပေါက်ဈေး ၅၀၀၀/ကျပ်ဖြင့် လည်းကောင်း၊ လက်တွန်း ထွန်စက်တစ်နာရီကာလပေါက်ဈေး ၅၀၀၀/ ကျပ်ဖြင့်လည်းကောင်း ငှားရမ်း အသုံးပြုကြသည်။ထို့ကြောင့် လယ်ယာလုပ်ကိုင်သူ တောင်သူများက ငှါးရမ်းခ ဈေးနှုန်းသက်သာစွာ ရရှိငှါးရမ်းနိုင်ရေးနှင့် လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျ ဝယ်ယူနိုင်ရေး အတွက် လိုလားနေကြသည်။

ကျေးရွာတွင် ပြောင်း၊စပါး၊ပဲဇင်းငုံတို့ကို အဓိကစိုက်ပျိုးကြပြီး ကျေးရွာမှအလုပ်သမားများ အတွက် လယ်ယာလုပ်ငန်းခွင်တွင် နေ့စားလုပ်ကိုင်သူများသည် တစ်နေ့ ၁၅,၀၀၀/- ၃၀,၀၀၀/- ကျပ်ရရှိသည်။ တစ်နှစ်အတွင်း အလုပ်လုပ်ရက်ပေါင်းမှ (၉၀)ခန့် ရှိတတ်သည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။

နမ့်လင်း(ရွာသစ်)ကျေးရွာတွင် မွေးမြူရေးအနေဖြင့် လုပ်ကိုင်သော အိမ်ထောင်စုများ မရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းမှာ လယ်ယာ လုပ်ငန်းခွင်နှင့် နေ့စာအလုပ်လုပ်ကိုင်ခြင်း၊ လက်သမား၊ပန်းရံလုပ်ငန်းနှင့်ဈေးရောင်းခြင်းတို့ ဖြစ်ကြ သည်။ လုပ်ငန်းအများစုမှာရာသီဥတုနှင့် အမျိုးအစားအလိုက်တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားရရှိကြသည်။ ပန်းရံ၊လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာတနေ့ (၂၀၀၀၀)ကျပ်ရရှိနိုင်ပြီး အလုပ်အသမားအဆင့်သည်(၃၀၀၀၀)ကျပ် ရရှိသည်။ အခြားအသက်မွေး ဝမ်းကျောင်းလုပ်ငန်းများအနေဖြင့်ရွာသားများသည်အထိအတွေ့နည်းပါးခြင်း၊ပညာအရည်အချင်းနိမ့် ကျခြင်းတို့ကြောင့်ကျွမ်းကျင်မှုအခြေခံသည့်အလုပ်အကိုင်များရရှိမှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေမှာ စုစုပေါင်းလူဦးရေ၏၈၀.၁%ရှိပြီး ကျေးရွာ အတွက် လူ့အရင်းအမြစ်အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်း သင်တန်း အချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊

ဝပ်လျှော့စသည်တို့သည်သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်းရွာသားအများစုသည် အဆိုပါသင်တန်းများ နှင့် အထိအတွေ့နည်းပါးကြသည်။

## (ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင်ပြောင်း၊ ပဲဇင်းငုံစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်သဖြင့် ဓါတုပိုး သတ်ဆေးသုံးစွဲမှု များပြားလာခြင်း၊ ဓါတုမြေဩဇာသုံးစွဲမှု များပြားခြင်း တို့ကြောင့်မြေဆီလွှာ အရည်အသွေးကျဆင်းလာနိုင်သည်။တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင် ဆိုင်ရာအသိပညာပေး လုပ်ငန်းများမြှင့်တင် ဆောင်ရွက်ပေးသင့်သည်။ ဤကျေးရွာမှာမြေပြန့်သောအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းမှ ကင်းဝေးသည်။ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း ရေကြီး ရေလွှမ်းခြင်း နှင့် မုန်တိုင်း ဘေးအန္တရာယ်တို့နည်းပါး သည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

နမ့်လင်း(ရွာသစ်)ကျေးရွာသည် နမ့်စန်မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေ၊ ဝန်ဆောင်မှုများရရှိသည်။ ကျေးရွာသားအများစုသည်ချေးငွေကိုအဓိကအားဖြင့်ရိက္ခာနှင့်ဝင်ငွေရ လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် အသုံးပြုကြသည်။ ကျေးရွာတွင် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုသည် စုစုပေါင်းအိမ်ထောင်စု၏ ၂၄.၈% ရှိပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အတွက် အထိုက်အလျောက်များပြားသည်ကာလတို၊ကာလလတ် နှင့် ကာလရှည်ချေးငွေလိုအပ်ချက် မရှိကြောင်းတွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းပညာကိုသင်ကြားနိုင်ပြီး စာသင်ကျောင်းဆောင်(၂)ဆောင်ရှိပါ သည်။ ရွာသားအားလုံး၏ ၃၄.၉%သည် စာမတတ်သူများဖြစ်ကြပြီး ၅၅.၈%ခန့်သာ မူလတန်း အဆင့်ရှိကြသည်။ ဆရာ၊ဆရာမနေထိုင်ရန် အိမ်ရာသီးသန့်မရှိသဖြင့် ဆရာဆရာမများ အတွက် နေရာလုံလောက်မှုပိုမိုရရှိရန် အိမ်ရာတစ်ခုဆောက်လုပ်ရန် လိုလားနေကြသည်။ ကျေးရွာတွင် ရေတွင်း၊ မိုးရေလှောင်ကန်များမှ မြေအောက်ရေကိုအလွယ်တကူရရှိနိုင်ပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊အစာအိမ်ရောင်စသောရောဂါဖြစ်ပွားမှုနည်းပါးကြောင်းတွေ့ရသည်။ ရေနှင့်ဆက်စပ်သော ရောဂါဖြစ်ပွားမှုနည်းပါးသည်။ ရွာသူရွာသားများအတွက် ကျန်းမာရေး ဝန်ဆောင်မှုတို့ကို (၀/၂)မိုင် ခန့်ဝေးသော နောင်ဝုတ်ကျေးလက် ကျန်းမာရေးဌာနခွဲနှင့် (၁၆)မိုင်ခန့် ကွာဝေးသော နမ့်စန်မြို့နယ်ဆေးရုံတို့တွင် ရရှိနိုင်သည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပါ။သို့သော်ဘုန်းတော်ကြီးကျောင်းတွင်ဗဟုသုတဖြစ်ဖွယ်ရာစာပေများကိုလေ့လာနိုင်ပါသည်။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ သို့ရာတွင်ယခုနှစ်များတွင် လူငယ်များမူးယစ်ဆေးဝါး သုံးစွဲမှုများပြားလာသဖြင့် မူယစ်ဆေးဝါးကင်းစင်ရေးနှင့် လူငယ်များအတွက်ပညာပေးဟောပြောပွဲများကျင်းပပေးရန် လိုအပ်လျှက်ရှိသည်။

## (ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိရွာတွင်း လမ်းမှာ မြေသားလမ်းဖြစ်ပြီး ကားနှင့်ထော်လာဂျီများကို အသုံးပြု မောင်းနှင်ကြသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်၈၉စီး၊ ထော်လာဂျီ ၁၇စီး၊ကား ၂၁ စီးနှင့် နွားလှည်း ၂၈စီး တို့ကို အသုံးပြုလျက်ရှိကြသည်။

ကျေးရွာသည် လျှပ်စစ်မီးအသုံးပြုနိုင်ခြင်းမရှိသေးဘဲ မိသားစုသုံးဆိုလာမီးကိုသာ အသုံးပြုကြရသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေး ကိုဈေးကွက်နှင့်အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုကြပြီးကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာအသင့်အတင့်မျှသာကောင်းမွန်ပြီးအခြားသတင်းအချက်အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦမရှိသေးပါ။ ရွာသားများသည် သတင်းစာ၊ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ မကောင်းမွန်သေးကြောင်း တွေ့ရှိရပါသည်။

## (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီးလိုအပ်သော သတင်းအရင်းအမြစ်များ အတွက်လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကိုချိတ်ဆက် အသုံးပြုနိုင် သော်လည်းချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် နမ့်စန်ရဲစခန်းသို့အလွယ်တကူချိတ် ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ် ပွါးခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

နမ့်လင်း(ရွာသစ်)ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့် ဒေသတွင်တည်ရှိပြီး နမ့်စန်မြို့နှင့် (၁၆)မိုင်အကွာတွင်တည်ရှိပါသည်။ ကျေးရွာနှင့်အနီးဆုံးဈေးမှာ နောင်ဝုတ်ဈေး ဖြစ်ပြီး လျှပ်စစ် ပစ္စည်းနှင့်ရွှေထည်ပစ္စည်းမှလွဲ၍ အမယ်စုံလင်စွာရရှိနိုင်သည်။ အရေးပေါ်လိုအပ်ပါက နမ့်စန်မြို့မဈေးသို့အလွယ်တကူသွားရောက်ဝယ်ယူနိုင်သည်။ လူဦးရေ အားလုံး၏ ၈၀.၁%မှာ အလုပ်လုပ်နိုင် သည့်အရွယ်များဖြစ်ကြပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်လာစေပါမည်။ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း နမ့်စန့်မြို့နယ်ဆေးရုံနှင့် လွိုင်လင်ခရိုင်ဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့် ကောင်းမွန်သည်။ စပါး၊ပြောင်းနှင့် ပဲဇင်းငုံတို့ကို အဓိကစိုက်ပျိုးကြပြီး နမ့်လတ်ချောင်းတို့မှ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေရရှိနိုင်သည်။ သီးနှံစိုက်ပျိုးမှုအားလွန်စွာ အထောက်အကူဖြစ်စေပေမည်။ ထို့ပြင် စိုက်ပျိုးမြေအနည်းငယ်တိုးချဲ့နိုင်သည်။ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီးအခြားသတင်းအချက် အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

နမ့်လင်း(ရွာသစ်)ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီသြဇာ အသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေလုံ လောက်စွာရရှိသည်။ သဘာဝသယံဇာတများမထွက်ရှိပါ။ကျေးရွာတွင် လမ်းများသည် မြေသားလမ်းများဖြစ်ပြီးမိုးရာသီတွင် ပတ်ဝန်းကျင်ရှိကျေးရွာများသို့ လည်းကောင်း၊ နမ့်စန်မြို့ပေါ်သို့လည်းကောင်း သွားလာရန်ခက်ခဲသည်။ ထို့ပြင် လယ်ယာထွက်ကုန်များကိုအချိန်မီ သယ်ယူရောင်းချရန်အတွက်လည်း အခက်အခဲများ ကြုံတွေ့ရတတ်သည်။ ကျေးရွာတွင် ဓာတ်မြေသြဇာနှင့်ဓာတ်တုပိုးသတ်ဆေး၊ပေါင်းသတ်ဆေးများ သုံးစွဲမှုများပြားလာသဖြင့် သဘာဝမြေသြဇာ အသုံးပြုမှုနှင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးကျင့်သုံးနိုင်ရေးနည်းပညာနှင့် အထောက်အပံ့များ ရရှိသုံးစွဲနိုင်ရန် လိုအပ်သည်။ ကျေးရွာတွင် ချေးငွေအတွက် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်း မြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွါးရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းမှုအားနည်းပြီး အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိုင်းနှိုင်းဆောင်ရွက်မှု လွန်စွာအားနည်းသည်။

လူငယ်များသည်ဆယ်ကျော်သက်အရွယ်မှစ၍ အလုပ်လုပ်ကြရသောကြောင့် ပညာတတ်မြောက်မှု နည်းပါးသည်။ထို့ကြောင့် ကျောင်းပညာတစ်ဝက်တစ်ပျက်လူငယ်များနှင့် အလုပ်လက်မဲ့များအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းမှုသင်တန်းများရရှိရန်လိုအပ်ပါသည်။ကျေးရွာသည် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာရေးများအတွက် ၀/၁မိုင်ခန့်ဝေးသော နောင်ဝုတ်ရွာနှင့်(၁၆)မိုင်ကွာဝေးသောနမ့်စန်မြို့တွင်သွားရောက်သင်ယူကြသည်။ ဆရာ၊ဆရာမများ နေထိုင်ရန် အတွက်စာသင်ကျောင်းဝန်းအတွင် အိမ်ရာဆောက်လုပ်ရန် လိုအပ်လျက် ရှိသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းအသုံးပြုမှု ရှိသော်လည်း ဆက်သွယ်ရေးတာဝါတိုင်နှင့် ဝေးကွာသဖြင့် လိုင်းစွဲအား မကောင်းဘဲ အင်တာနက်အသုံးပြုနိုင်မှုမှာလည်း အကန့်အသတ်ဖြင့်သာ ရှိသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာသည် ကျေးရွာ၏အခြေခံအဆောက်အဦးကဏ္ဍတွင် ကျေးရွာလမ်းများ၊ ရွာချင်းဆက်လမ်းများ၊ ချဉ်းကပ်လမ်းများကိုမြေသားလမ်းမှ ကျောက်ခင်းလမ်းအဖြစ်သို့ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာ၏အခြေခံအဆောက်အဦးကဏ္ဍဖြစ်သော လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်ရန် ဆောင်ရွက်သွားမည် ဖြစ်သည်။ ကျေးရွာအတွင်းရှိလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများနှင့် ချဉ်းကပ်လမ်းများကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ်သို့မြှင့်တင်ရန်ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ကာ ဆောင်ရွက်သွားမည် ဖြစ်သည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရလွန်စွာခက်ခဲပြီး လမ်းပန်းဆက်သွယ်ရေး မကောင်းပါ။ကျေးရွာမှ ကိုယ်ထူကိုယ်ထ လမ်းအဆင့်မြှင့်ပြုပြင်ရန်မှာလည်း ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများအား အဆင့်မြှင့် ပြုပြင်ပေးသင့်ပါသည်။ ကျေးရွာချင်းဆက်လမ်းပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာနှင့် တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာအထောက် အကူပြုနိုင်ပေမည်။

### (ဂ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်းနှင့် ဆရာ၊ဆရာမ အိမ်ရာ ဆောက်လုပ်ခြင်း

ကျေးရွာစာသင်ကျောင်းဆောင်များမှာ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့သဖြင့်ပြုတင်းပေါက်များ မတပ်ဆင်နိုင်သေးဘဲ အရည်အသွေးပိုင်းတွင်အားနည်းမှုရှိပြီး ပရိဘောဂလည်း လုံလောက်မှုမရှိသေးပါ။ ထို့ပြင် ဆရာ၊ဆရာမများနေထိုင်ရန် အိမ်ရာမရှိသဖြင့် ကျေးရွာရှိ ဆရာ၊ဆရာမများနေထိုင်ရေးမှာ ခက်ခဲလျက်ရှိပါသည်။ ထို့ပြင် စံချိန်မီသောစာသင်ကျောင်း ဆောင်ဖြစ်မြောက်ရေး၊ ဆရာ၊ဆရာမအင်အား လုံလောက်စွာ ခန့်ထားရေးနှင့်ဆရာ၊ ဆရာမအိမ်ရာ တစ်ခုဆောက်လုပ်ရေးအတွက်သက်ဆိုင်ရာအစိုးရဌာနများဖြစ်သော မြို့နယ်အခြေခံဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာန တို့မှ တာဝန်ယူ ဆောင်ရွက်ပေးသင့်သည်။

## (ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

နမ့်လင်း(ရွာသစ်)ကျေးရွာတွင် ပညာရေးတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်သွားကြသော လူငယ်များနှင့် ပညာမတတ်သော လူငယ်အချို့မှာမိမိဘဝတိုးတက်ရာအာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း၊ အချို့မှာမူးယစ်ဆေး သုံးစွဲခြင်းဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင်၊ လက်လုပ်လက်စား ကျပန်းများ မှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ် လုပ်ကိုင်စားသောက်နေကြရသည်။ ထိုကဲ့သို့သောသူများအတွက် သင့်တော်သော အသက်မွေးဝမ်းကြောင်းဆိုင်ရာ အတတ်ပညာများရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့်ပါသည်။

## (င) စိုက်ပျိုးရေးနည်းပညာနှင့်ဝန်ဆောင်မှုများလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်း အသုံးပြုနိုင်ရေး

နမ့်လင်း(ရွာသစ်)ကျေးရွာသည် စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ်သည်။ သို့သော် လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ၊ ရာသီဥတုဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲ ကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်ကြသောစက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံးပစ္စည်းကိရိယာရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့်ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်း သုံးစွဲနိုင်ရေးများကို လည်းဆောင်ရွက်ပေးသင့်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက်စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ဦးစားပေးစီမံကိန်းအချို့ကိုရှေ့ပိုင်းနှစ်များတွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနှစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မူဘောင်သည်သဘာဝဘေးအန္တရာယ်ဆိုးဆိုးဝါးဝါး

မကျပါက ပြောင်းလဲမှု သိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာစီမံချက်တစ်ခု အသင့်အနေအထားတွင်ရှိနေပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အခြေခံအဆောက်အအုံ*** | | | | | |
| | ၁။ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ခြင်း | ၁၁၀ | ၁ | ၁။ ရေရရှိရေးလုပ်ငန်း - ဆောင်ရွက်ခြင်း | ကျေးလက်ဦးစီးဌာန |
| **အခြေခံအဆောက်အအုံ** | | | | | |
| | ၂။မြေသားလမ်းမှကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်လိုခြင်း | ၉၇ | ၂ | - ကွန်ကရစ်လမ်းအဖြစ် - ဆောင်ရွက်လိုခြင်း | ကျေးလက်ဦးစီး ဌာန |
| **အခြေခံအဆောက်အအုံ** | | | | | |
| | ၃။ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၈၃ | ၃ | - ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ကျေးလက်ဦးစီး ဌာန |
| **အခြေခံအဆောက်အအုံ** | | | | | |
| | ၄။ဆရာမဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း | ၆၇ | ၄ | - ဆရာ/မများအတွက်အိမ်ရာဆောက်လိုခြင်း | ကျေးလက်ဦးစီးဌာန/ပညာရေး |
| **မီးလင်းရေး** | | | | - | |
| | ၅။ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း | ၆၅ | ၅ | - ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း | လျှပ်စစ် |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ | ၂၀၃၀ |
|---|---|---|---|---|---|---|
| ၁။ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ခြင်း | ၁ | √ | | | | |
| ၂။မြေသားလမ်းမှကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်လိုခြင်း | ၂ | | √ | | | |
| ၃။ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၃ | | | √ | | |
| ၄။ဆရာမဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း | ၄ | | | | √ | |
| ၅။ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း | ၅ | | | | | √ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လုပ်သားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ရေရရှိရေးလုပ်ငန်းဆောင်ရွက်ခြင်း | ၁၅၀ | | √ | | |
